# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မကွေးတိုင်းဒေသကြီးလွှတ်တော်
# မကွေးတိုင်းဒေသကြီးပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေ
**(၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်- ၉။)**

**၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်**

**(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)**

နိဒါန်း

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မကွေးတိုင်းဒေသ ကြီးအတွင်း ပုဂ္ဂလိကပိုင် ရေယာဉ်များစနစ်တကျ ပြေးဆွဲနိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ**ဟု ခေါ် တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရ မည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆို သည်။

(စ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေး အဖွဲ့ (ဗဟို)က အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသော တိုင်းဒေသကြီး ပြည်တွင်း ရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းအဖွဲ့ကို ဆိုသည်။

(ဆ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ပုဂ္ဂလိကပိုင်ရေယာဉ်များ ပြေးဆွဲမှုကြီးကြပ်ရေး ကော်မတီ ဖွဲ့စည်းရာတွင် ကြီးကြပ်နိုင်ရေးအတွက် အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ကော်မရှင်ကို ဆိုသည်။

(ဇ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် ရေယာဉ်များ ပြေးဆွဲမှုကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဈ) **လက်အောက်ဌာနခွဲ** ဆိုသည်မှာ ကော်မတီက နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်သော ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ပုဂ္ဂလိကပိုင်ရေယာဉ်များ ပြေးဆွဲမှု ကြီးကြပ်ရေးကော်မတီဌာနခွဲများကို ဆိုသည်။



Myanmar Law Information System (MLIS)

(ည) **ကော်မတီရုံး** ဆိုသည်မှာ ကော်မတီ၏လုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထားသည့် ရုံး ကို ဆိုသည်။

(ဋ) **ဝန်ထမ်း** ဆိုသည်မှာ ကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခန့်ထားသူကို ဆိုသည်။

(ဌ) **ရေယာဉ်** ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ စက်မဲ့ဖြင့်သော်လည်းကောင်း၊ စွမ်းအင် တစ်မျိုးမျိုးဖြင့် သော်လည်းကောင်း ရေပြင်တွင် မောင်းနှင်သွားလာနိုင်သည့် ပုဂ္ဂလိကပိုင်ရေယာဉ်ကို ဆိုသည်။

(ဍ) **ပုဂ္ဂလိကပိုင်ရေယာဉ်** ဆိုသည်မှာ နိုင်ငံတော်ပိုင်ရေယာဉ်မှတစ်ပါး ကျန်ပုဂ္ဂလိပိုင်ရေယာဉ် တစ်မျိုး မျိုးကို ဆိုသည်။

(ဎ) **ရေယာဉ်လိုင်း** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း မြို့တစ်မြို့မှအခြား မြို့တစ်မြို့သို့ လည်း ကောင်း၊ ဒေသတစ်ခုမှ အခြားတစ်ခုသို့လည်းကောင်း သွားလာပြေးဆွဲနေသည့် ခရီးသည် ပို့ဆောင် ရေးလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသည်နှင့်ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကပိုင်ရေယာဉ်များဖြင့် ဖွဲ့စည်းထားသော ရေယာဉ်လိုင်းကို ဆိုသည်။

(ဏ) **ရေယာဉ်အသင်း** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ခရီးသည်ပို့ဆောင်ခြင်း လုပ်ငန်း၊ ကုန်စည်ပို့ ဆောင်ခြင်းလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်း တစ်ခုခုကိုသော်လည်းကောင်း၊ လုပ်ငန်းတစ်ခုထက် ပို၍သော်လည်းကောင်း ဆောင်ရွက်သည့် ပုဂ္ဂလိကပိုင်ရေယာဉ်များဖြင့် ဖွဲ့စည်းထားသော ရေယာဉ် အသင်းကို ဆိုသည်။

(တ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ သတ်မှတ်ချက်များ၊ အထောက်အထားများနှင့်အညီ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင်ရှိသော ပုဂ္ဂလိကရေယာဉ်အား တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ထ) **ရေယာဉ်လုပ်သား** ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကပိုင် ရေယာဉ်တွင် လုပ်ကိုင်ဆောင်ရွက်နေသော သက်ဆိုင်ရာဌာနမှ အသိအမှတ်ပြုထားသည့် ရေယာဉ်အုပ်၊ စက်ခန်းအုပ် အပါအဝင် ရေယာဉ်တွင် တာဝန်ထမ်းဆောင်နေသူအားလုံးကို ဆိုသည်။

Myanmar Law Information System (MLIS)

## အခန်း(၂)
## ကော်မရှင်ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲမှု ကြီးကြပ် ရေးကော်မတီကို ဖွဲ့စည်းပေးရန်အတွက် ကော်မရှင်ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းပေး ရမည်။

## အခန်း(၃)
## ကော်မရှင်၏ လုပ်ငန်းတာဝန်များ

၄။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီဝင်များ ရွေးချယ်ရာတွင် နည်းဥပဒေများနှင့်အညီ ကြီးကြပ်ပေးခြင်း၊

(ခ) ရွေးချယ်ခံရသူကော်မတီဝင်များအား ကော်မတီဖွဲ့စည်းနိုင်ရန်အတွက် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၅။ ကော်မရှင်၏သက်တမ်းသည် ကော်မတီဖွဲ့စည်းပြီးသည့်အထိ ဖြစ်သည်။

## အခန်း(၄)

## ကော်မတီဖွဲ့စည်းခြင်း

၆။ အစိုးရအဖွဲ့သည် ကော်မရှင်က ရွေးချယ်တင်ပြလာသော ကော်မတီဝင်များဖြင့် ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) ရေယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်ပေးသည့် ကော်မတီဝင်များဖြင့် ဖွဲ့စည်း ရမည်။

(ခ) ကော်မတီဝင် အနည်းဆုံး(၅)ဦးမှ အများဆုံး(၉)ဦးအထိ ပါဝင်ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ရွေးချယ်ခံရသူများက ၎င်းတို့ထဲမှ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာ ရေးမှူးတို့ကို ရွေးချယ်ရမည်။

(ဃ) လိုအပ်ပါက ကော်မတီအတွင်း တာဝန်ပေးအပ်ထားခြင်းများကို ပြင်ဆင်ပြောင်းလဲနိုင်သည်။

(င) ကော်မတီဝင်လစ်လပ်ပါက သတ်မှတ်ချက်များနှင့်အညီ အစားထိုးရွေးချယ် ပေးရမည်။

၇။ ကော်မတီသည် ကြီးကြပ်ရေးအဖွဲ့မှတဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်။

၈။ ကော်မတီသက်တမ်းမှာ (၃)နှစ်ဖြစ်သည်။

၉။ ကော်မတီဝင်တစ်ဦး၏ သက်တမ်းသည် တစ်ဆက်တည်းကော်မတီ၏ သက်တမ်း(၂)ကြိမ်ထက် မပိုစေရ။

## အခန်း(၅)

## ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်းများကိုဖြစ်စေ သယ်ယူ ပို့ဆောင်သည့်ရေယာဉ်များကို မိမိ၏စီမံခန့်ခွဲမှုအောက်သို့ ပိုမိုဝင်ရောက်လာ နိုင်ရေးစည်းရုံးဆောင်ရွက် ရမည့်အပြင် ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်များ၏လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခြင်း၊

(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေစေရန်အတွက် ရေယာဉ်လိုင်းများ သတ်မှတ်ခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ ရေယာဉ်လိုင်းများတိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း၊ ရေယာဉ်စီး ရေပြောင်းလဲခြင်း၊ ရေယာဉ်အမျိုးအစားပြောင်းလဲခြင်း၊ ရေယာဉ်အသင်းများဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက် ခြင်း၊

(ဂ) ဆိပ်ကမ်းများ အသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ကြီးကြပ် ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်ကို လက်ရှိရေယာဉ်လိုင်းမှ အခြားရေယာဉ်လိုင်း သို့မဟုတ် လက်ရှိရေယာဉ်အသင်းမှ အခြားရေယာဉ်အသင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် ကြီးကြပ် ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(င) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် အခါအားလျော်စွာတွေ့ဆုံ ဆွေးနွေးခြင်း၊

(စ) ကော်မတီ၏လက်အောက်ရှိ ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်းများတွင် ပြေးဆွဲနေသော ရေယာဉ် များအား ထုတ်ပြန်ထားသော တည်ဆဲဥပဒေများကို လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ဆောင်ရွက် ခြင်း၊

(ဆ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကော်မတီ၏ရန်ပုံငွေကို သုံး စွဲခြင်း၊

(ဇ) ကော်မတီအစည်းအဝေးကို အခါအားလျော်စွာကျင်းပခြင်း၊

(ဈ) နှစ်ပတ်လည်အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ်ကျင်းပခြင်း၊

(ည) အစိုးရအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း၊

၁၁။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီရုံးနှင့် လက်အောက်ဌာနခွဲများအား နည်းဥပဒေများအရ ဖွဲ့စည်းခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်းများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများ၊ ဝန်ထမ်း များနှင့် ခရီးသည်များအကြား ဖြစ်ပေါ်လာသည့် ပြဿနာနှင့်အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဂ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနခွဲများ၊ ဝန်ထမ်းများ၊ ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်း များ၊ ရေယာဉ်များ၊ ရေယာဉ်လုပ်သားများ လိုက်နာရန် စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်း စသည့် ဝန်ထမ်းရေးရာ ကိစ္စများအပေါ် စီမံခန့်ခွဲခြင်း၊

(င) အစိုးရအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့မှ ပေးအပ်သည့် လုပ်ငန်းတာဝန်များနှင့်အညီ အပ်နှင်း သည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း(၆)

## ဝန်ထမ်းဖွဲ့စည်းပုံ

၁၂။ ကော်မတီသည်-

(က) လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

(ခ) ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခန့်ထားရ မည်။

(ဂ) ဝန်ထမ်းများ၏ လစာနှင့်အခကြေးငွေကို ရန်ပုံငွေမှ ကျခံသုံးစွဲရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ (၄၀) ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်းမပြုရ။

(ဃ) ဝန်ထမ်းများကို ကြီးကြပ်နိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးတာဝန်ခံအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၇)

**ဘဏ္ဍာရေး**

၁၃။ ကော်မတီသည်-

(က) မိမိ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်များအပေါ်တွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများနှင့်အညီ ကောက်ခံရရှိသော ရန်ပုံငွေဖြင့် ရပ်တည်ရမည်။

(ခ) ရန်ပုံငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ကော်မတီ၏ လုပ်ငန်းများတွင် သုံးစွဲရမည်။

(ဂ) ရရှိလာသော နိုင်ငံခြားငွေများကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိကာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏ လုပ်ငန်းများတွင် သုံးစွဲနိုင်သည်။

(ဃ) နှစ်စဉ်ရရှိ၊ သုံးစွဲမှုငွေစာရင်းကို စိစစ်ရေးဆွဲပြီး ကြီးကြပ်ရေးအဖွဲ့ထံ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(င) ကော်မတီ၏စီမံခန့်ခွဲမှု အောက်တွင်ရှိသော ပုဂ္ဂလိကပိုင် ရေယာဉ်များထံမှ နည်းဥပဒေများအရ ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ တိုင်း နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြရမည်။

(စ) ကော်မတီ၏ ဘဏ္ဍာရေးအခြေအနေနှင့်ရငွေ၊ သုံးငွေစာရင်းတို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သက်ဆိုင်ရာစာရင်းစစ် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကိုခံယူ၍ စစ်ဆေးတွေ့ရှိချက်နှင့်အတူ ရက်ပေါင်း (၃၀) အတွင်း ကြီးကြပ်ရေးအဖွဲ့ထံ တင်ပြရမည်။

(ဆ) စုဆောင်းထားရှိသည့် ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးပွားစေရန် အစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

**အခန်း(၈)**

**စာရင်းစစ်ဆေးခြင်း**

၁၄။ ကော်မတီသည် စာရင်းများကို နည်းလမ်းတကျထိန်းသိမ်းထားရှိနိုင်ရန်အတွက် ငွေစာရင်းလုပ်ထုံး လုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၅။ ကော်မတီသည် မိမိပြုစုထားသည့် ငွေစာရင်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ ညှိနှိုင်းတာဝန် ပေးချက်အရ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

**အခန်း(၉)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၁၆။ ကော်မတီသည် ဤဥပဒေအရထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းတစ်ရပ် ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိရပါကအောက်ပါ စီမံခန့်ခွဲ ရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

Myanmar Law Information System (MLIS)

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ရေယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

၁၇။ ပုဒ်မ ၁၆ အရ ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်ပါက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ကြီးကြပ်ရေးအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၁၈။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုနှင့်စပ်လျဉ်း၍-

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ။

(ခ) ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၁၉။ အစိုးရအဖွဲ့သည် ကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ဖြင့် ရေယာဉ်လိုင်းပြေးဆွဲခွင့်ကို ပယ်ဖျက် ခြင်း ပြုနိုင်သည်။

## အခန်း(၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၀။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းတစ်ဦးဦးက ကော်မတီ သို့မဟုတ် ကော်မတီ ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရား ဆောင်ရွက်ရန် အား ထုတ်နေစဉ် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းကို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၁)

## အထွေထွေ

၂၂။ ဤဥပဒေ အခန်း (၁၀) ပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်ရမည်။

၂၃။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပျက် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့်ရှိစေရမည်။

၂၄။ ကော်မတီဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သောအမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

Myanmar Law Information System (MLIS)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) (ဘုန်းမော်ရွှေ)
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)